စာရွက်စာတမ်း ( ၃ )

# စစ်ဆေးမှုမတိုင်မီရှင်းပြချက်

၁။ ဤစစ်တမ်း၏ ရည်ရွယ်ချက်သည် ဂျပန်ဘာသာစကားဖြင့် ပြောဆိုခဲ့သောအကြောင်းအရာကို မည်ကဲသို့ နားထောင်လျှက် နားလည်သဘောပေါက်မှုအကြောင်းကို စစ်တမ်းကောက်ယူရန်ဖြစ်ပါသည်။ ○○ (ပူးပေါင်းဆောင်ရွက်သူ၏ အမည်) ၏ နားထောင်ခြင်း စွမ်းရည်ကို တိုင်းတာခြင်းမဟုတ်ပါ။

၂။ ယနေ့မှာ △△ (အသံဖိုင်နှင့်ဗွီဒီယို) ကို နားထောင်ရပါမည်။ ပုံမှန်နားထောင်နေကျသည့်အတိုင်း △△ ကို နားထောင်ပါ။

၃။ ကြည့်ရှုသောဗွီဒီယိုကို နည်းနည်းချင်းရပ်ပြီး ၄င်းအကြောင်းအရာနှင့်ပတ်သက်၍ စကားလုံးနှင့်ဝါကျ အဓိပ္ပာယ်ကို မည်ကဲသို့ နားလည်သဘောပေါက်မှုအကြောင်းကို ဖြည်းဖြည်းပြောဆိုပါ။

၄။ နားလည်သည့်အကြောင်းအရာကို ပြောဆိုသောအခါ၊ ဝါကျတစ်ကြောင်းစီကို ပြောဆိုရန်မလိုအပ်ပါ။ ပြောဆိုရန် လွယ်ကူသောအပိုင်းဖြင့် ခွဲပြီးပြောဆိုပါ။

၅။ နားလည်သည့်အကြောင်းအရာများသာမက နားထောင်နေစဉ်မှာ ဦးနှောက်ထဲ၌ မည်ကဲသို့ စဉ်းစား နားထောင်နေသည်ကိုလည်းပြောဆိုပါ။ ဥပမာအားဖြင့် မသိသောစကားရှိခဲ့လျှင် ၄င်းအဓိပ္ပာယ်ကို ရှေ့နောက်စကားမှ မည်ကဲ့သို့ မှန်းဆကြောင်းကိုပြောဆိုပါ။

၆။ ၄င်းအချိန်မှာ နားထောင်နေသောအပိုင်းနှင့်ပတ်သက်၍ ခံစားချက်ကိုပြောဆိုပါ။

၇။ နားမလည်သည့်အကြောင်း၊ ဆုံးဖြတ်ချက်ကို မဝေခွဲနိုင်သည့်အကြောင်းကိုလည်း အဖြစ်မှန်အတိုင်း ပြောဆိုပါ။

၈။ နားထောင်နေသောအပိုင်းနှင့်ပတ်သက်၍ ဆက်စပ်ဖြီး သတိရသောအရာများကိုလည်းပြောဆိုပါ။

၉။ နားထောင်ပြီးသောအပိုင်း၏ အဓိပ္ပာယ်နားလည်မှု ပြောင်းလဲသွားသောအခါ ဆက်လက်နားထောင်စဉ်မှာ မည်ကဲသို့ ပြောင်းလဲသွားသည်ကိုပြောဆိုပါ။

၁၀။ စကားပြောဆိုသောအခါ တွေးထင်နေသည့်အရာကို ရေရွတ်လိုက်၊ စကားပြောလိုက်ဖြင့် အဆင်ပြေစွာ လွတ်လွတ်လပ်လပ် ပြောဆိုပါ။

၁၁။ မေးခွန်းများ မေးမည်ဖြစ်သောကြောင့် ဖြေကြားပေးပါ။

၁၂။ စစ်တမ်း၏ အစမှအဆုံးအထိ စကားပြောဆိုခဲ့သည့် အကြောင်းအရာအားလုံးကို အသံသွင်းထားပါမည်။

၁၃။ [ ဘာသာပြန်သူ ပါဝင်သော်အခါ ] စကားပြောစာပိုဒ်ရှည်မည်ဆိုလျှင် ဘာသာပြန်လွယ်ကူရန် စာပိုဒ်ကို ခွဲပြီးပြောဆိုပါ။

၁၄။ [ စစ်တမ်းကောက်ယူနည်း ရှင်းပြသောဗွီဒီယိုကို ကြည့်ရှုရန်လိုအပ်သော်အခါ ] ယ္ခုမှစ၍ စစ်တမ်း ကောက်ယူနည်းရှင်းပြသောဗွီဒီယိုကို ကြည့်ရှုရပါမည်။ စစ်တမ်းကောက်ယူနည်း ရှင်းပြသောဗွီဒီယိုမှာ စစ်တမ်းတွင် မည်သို့ကောင်းစွာပြောဆိုရမည်ကို တိကျစွာ ပြသထားသောကြောင့် ရည်ညွှန်းကိုးကားပါ။